ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ညွှန်ကြားချက်အမှတ် ၅ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၃၃ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းတွင် စီးပွားဖြစ်မွေးမြူရန် သယ်ဆောင်မည့်၊ အသားထုတ်လုပ်ရေးအတွက် သတ်ဖြတ်ရန်သယ်ဆောင်မည့်၊ ပြည်ပသို့တင်ပို့ရေးအတွက် စုဆောင်းရန်သယ်ဆောင်မည့် သို့မဟုတ် အခြားကိစ္စရပ်များအတွက် သယ်ဆောင်မည့် ကျွဲ၊ နွားများနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ရေး သို့မဟုတ် ထိန်းချုပ်ရေးအတွက် အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ကျွဲ၊ နွား သယ်ဆောင်လိုသူများသည် ပြည်တွင်း၌သယ်ဆောင်မည့် ကျွဲ၊ နွားများနှင့် ယင်း ကျွဲ၊ နွားများကြောင့် အခြားတိရစ္ဆာန်များတွင် ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတ်မှတ်ထားသော လျှောက်လွှာပုံစံနှင့်အတူ ကျွဲ၊နွားများသယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး၏ ထောက်ခံစာ၊ မိမိဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွဲ၊ နွားများ စတင် သယ်ဆောင်မည့်ဒေသရှိ သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ စတင်လျှောက်ထားရမည်။

(ခ) သယ်ဆောင်လိုသည့် ကျွဲ၊ နွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတ်မှတ် ထားသောနေရာတွင် စုစည်းထားရှိ၍ စတင်သယ်ဆောင်မည့် ဒေသရှိ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးမှုကိုခံယူစေပြီး တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/ PC-3) ကိုရယူရမည်။

(ဂ) သယ်ဆောင်လိုသည့် ကျွဲ၊ နွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိ အမှတ်ပြုထားသော တိရစ္ဆာန် အမှတ်အသားတပ်ဆင်ပေးမှုကို ခံယူရမည်။

(ဃ) ကျွဲ၊ နွားများ စတင်သယ်ဆောင်မည့်အချိန်တွင် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြား၍ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်ရရှိပြီးသော ကျွဲ၊နွားများ မှန် မမှန် စစ်ဆေးမှုကို ခံယူရမည်။

(င) သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)က ခွင့်ပြုထားသော ကျွဲ၊ နွား ကောင်ရေကို ခွင့်ပြုထားသော လမ်းကြောင်းအတိုင်း ခွင့်ပြုထားသည့်ယာဉ်ဖြင့် တစ်ကြိမ်တည်းသာ သယ်ဆောင်ရမည်။

(စ) ကျွဲ၊နွားများသယ်ဆောင်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ ထုတ်ပြန်ထားသော အမိန့်အမှတ် ၃၀/ ၂၀၂၀နှင့် အမိန့်အမှတ် ၆၇/၂၀၂၀ တွင် ပါရှိသည့် အချက်များနှင့်အညီ သယ်ဆောင်ရမည်။

(ဆ) မိမိသယ်ဆောင်သည့် ဒေသသို့ ကျွဲ၊ နွားများရောက်ရှိပါက ယင်းဒေသရှိ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနထံ သတင်းပေးပို့၍ စစ်ဆေးမှုခံယူပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပေးထားသော စာရွက်စာတမ်း အထောက်အထားများအားလုံးကို အပ်နှံရမည်။

(ဇ) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရန် ရည်ရွယ်၍ စုဆောင်း သယ်ဆောင်ခဲ့ခြင်း ဖြစ်ပါက ပြည်ပသို့တင်ပို့ချိန်အထိ မှတ်ပုံတင်လက်မှတ်ရရှိထားသော စုဆောင်းခြံတွင်သာ ထားရှိရမည်။

(ဈ) ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူရန် သို့မဟုတ် အခြားကိစ္စရပ်များအတွက် သယ်ဆောင်ခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်ထားသည့် ကာလအထိ လျှောက်ထားစဉ်က ဖော်ပြထားသည့်နေရာတွင် ထားရှိရမည်။

(ည) သားသတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် သယ်ဆောင်ခြင်းဖြစ်ပါက သယ်ဆောင်ခဲ့သော ကျွဲ၊ နွားများတွင် တပ်ဆင်ထားသော တိရစ္ဆာန်အမှတ်အသားများကို ကျွဲ၊ နွားသယ်ဆောင်ရောက်ရှိသည့် ဒေသရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အပ်နှံရမည့်ပြင် သယ်ဆောင်ခဲ့သည့် ကျွဲ၊ နွားကောင်ရေအတိုင်း သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီးရရှိလာသည့် အသားစစ်ဆေး

ခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကိုလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃။ မည်သူမဆို ကျွဲ၊နွားများကို ပြည်တွင်း၌သယ်ဆောင်ရာတွင် ဤညွှန်ကြားချက် အပိုဒ် ၂ အပိုဒ်ခွဲ(စ)ပါ အချက်မှအပ ကျန်အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ သယ်ဆောင်ခဲ့ကြောင်း ပေါ်ပေါက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်း ခံရမည့်ပြင် ကျွဲ၊ နွား သယ်ဆောင်ရန် ထပ်မံလျှောက်ထားလာခြင်းများနှင့်စပ်လျဉ်း၍လည်း ငြင်းပယ်ခြင်း ခံရမည်။

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်၊ ၁/ ၂၀၁၉ နှင့် ၂/ ၂၀၁၉ တို့ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/ ၂၀၂၀( ၁၀၅ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**
ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)
ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)
မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)
ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မျှောစာတွဲ
လက်ခံစာတွဲ